***HOUSEHOLD LETTER - BURMESE***

**Baldwin-Whitehall ကျောင်းမြို့နယ်**
**ကျောင်းအစားအစာများ အခမဲ့နှင့် ဈေးနှုန်းလျှော့ခြင်းနှင့်ပတ်သက်သည့် မကြာခဏမေးသည့်မေးခွန်းများ**
**အွန်းလိုင်းတွင် https://www.schoolcafe.com/ မှာလျှောက်ပါ**

လေးစားရပါသော မိဘများ/အုပ်ထိန်းသူများDear Parent/Guardian:

ကလေးများမှာ ပညာသင်ယူရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများ လိုအပ်ပါတယ်။ **Baldwin-Whitehallကျောင်း**မှ ကျောင်းတက်ရက်တိုင်းတွင် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို ပေးပါတယ်။ မနက်စာမှာ **$1.40**၊ နေ့လည်စာမှာ**$2.60** သို့မဟုတ် အလယ်တန်းအတွက် အဆင့်မြင့်အစားအစာ **$3.00**(အထက်တန်းနှင့် အလယ်တန်း)နှင့် မူလတန်းမှာ**$2.35** ဖြစ်ပါတယ်။ သင့်ကလေး(များ)သည် ကျောင်းအစားအစာများကို အခမဲ့သို့မဟုတ် ဈေးနှုန်းလျှော့ပြီးရရန် အခွင့်ရကောင်းရနိုင်ပါလိမ့်မည်။ လျှော့ထားသောဈေးနှုန်းမှာ မနက်စာအတွက်**$0.30** နှင့် နေ့လည်စာအတွက်**$0.40**ဖြစ်ပါတယ်။ အောက်ပါများမှာလျှောက်ထားရာတွင် အကူအညီရရန် အများအားဖြင့် မေးတတ်သည့်မေးခွန်းများနှင့် အဖြေများဖြစ်ပါတယ်။

STOP

အကယ်၍ အခမဲ့ကျောင်းအစားအစာအတွက် တိုက်ရိုက်ထောက်ခံချက် အကြောင်းကြားစာ(NOTICE OF DIRECT CERTIFICATION)ရထားပါက လျှောက်ရန်မလိုပါ။ သို့သော် သင့်အိမ်မှ မည်သည့်ကလေးအတွက်မဆို တိုက်ရိုက်ထောက်ခံချက်အကြောင်းကြားစာတွင် စာရင်းမပါပါက ကျောင်းကိုအသိပေးပါ။

၁။ **ကျောင်းအစားအစာများကို အခမဲ့ သို့မဟုတ် ဈေးနှုန်းလျှော့ပြီး ဘယ်သူတွေက ရနိုင်ပါသလဲ?**

- Snap သို့မဟုတ် tanf ရရှိထားသောအိမ်ထောင်စုမှကလေးများအားလုံး အခမဲ့ကျောင်းအစားအစာများရပါမည်။
- ကျွေးမွေးစောင့်ရှောက်ရေးဌာန သို့မဟုတ် တရားရုံးမှ တရားဝင်တာဝန်ယူထားသည့် မွေးစားကလေးများမှာ အခမဲ့ကျောင်းအစားအစာများရပါမည်။
- ကျောင်းအုပ်၏အစပြုပရိုဂရမ်တွင် ပါဝင်သောကလေးများမှာ အခမဲ့ကျောင်းအစားအစာများရပါမည်။
- အိမ်မဲ့၊ အိမ်ပြေး၊ ပြောင်းရွှေ့စသည့်သတ်မှတ်ချက်နှင့် ကိုက်ညီသောကလေးများမှာ အခမဲ့ကျောင်းအစားအစာများရပါမည်။
- အကယ်၍သင့်အိမ်၏ဝင်ငွေမှာ ဗဟိုအစိုးရချမှတ်ထားသည့် လမ်းညွှန်ချက်ဘောင်အတွင်းရောက်ပါက သင့်ကလေးမှာ အခမဲ့ သို့မဟုတ် ဈေးလျှော့ရနိုင်ကောင်း ရပါလိမ့်မည်။ သင့်အိမ်မှဝင်ငွေမှာ အောက်ဖော်ပြပါဇယားကွက်ထဲမှသတ်မှတ်ချက်များ သို့မဟုတ် အောက်သို့ရောက်ရှိပါက သင့်ကလေးမှာ အခမဲ့ သို့မဟုတ် ဈေးလျှော့ရနိုင်ကောင်း ရပါလိမ့်မည်။

**Income Eligibility Reduced-Price Guidelines—July 1, 2018–June 30, 2019**

| Family Size | Annually | Monthly | Twice Per Month | Every Two Weeks | Weekly |
|---|---|---|---|---|---|
| 1 | $22,459 | 1,872 | 936 | 864 | 432 |
| 2 | 30,451 | 2,538 | 1,269 | 1,172 | 586 |
| 3 | 38,443 | 3,204 | 1,602 | 1,479 | 740 |
| 4 | 46,435 | 3,870 | 1,935 | 1,786 | 893 |
| 5 | 54,427 | 4,536 | 2,268 | 2,094 | 1,047 |
| 6 | 62,419 | 5,202 | 2,601 | 2,401 | 1,201 |
| 7 | 70,411 | 5,868 | 2,934 | 2,709 | 1,355 |
| 8 | 78,403 | 6,534 | 3,267 | 3,016 | 1,508 |
| *For each additional family member add:* | | | | | |
| | 7,992 | 666 | 333 | 308 | 154 |

**၂။ အကယ်၍ကျွန်ုပ်ကလေးမှာ အိမ်မဲ့၊ အိမ်ပြေး သို့မဟုတ် ပြောင်းရွှေ့စသည့်သတ်မှတ်ချက်နှင့် ကိုက်ညီမညီကို ဘယ်လိုသိနိုင်မလဲ?**

သင့်အိမ်ထောင်စုမှမိသားစုဝင်များတွင် အတည်တကျ(အမြဲတမ်း)လိပ်စာ မရှိဘူးလား? သင်တို့မှာ စောင့်ရှောက်ရေးဂေဟာ၊ ဟိုတယ် သို့မဟုတ် တခြားသောယာယီအိမ်ယာအစီအစဉ်တို့မှာ အတူနေရပါသလား? သင်တို့မိသားစုမှာ ရာသီအလိုက် နေရာပြောင်းရွှေ့ရပါသလား? သင်နှင့်အတူနေထိုင်သောမည်သည့်ကလေးမဆို ယခင်မိသားစုသို့မဟုတ် အိမ်ထောင်စုမှာ ထွက်ခွာရန် ရွေးချယ်ထားသူ ဖြစ်ပါသလား? အကယ်၍ သင့်အိမ်ထောင်စုမှကလေးများမှာ အထက်ပါအချက်များနှင့်ကိုက်ညီသော်လည်း အခမဲ့ကျောင်းအစားအစာရရန် အသိမပေးသေးပါက ကျေးဇူးပြုပြီး ကျွန်ုပ်**Jean Williams**ထံ ဖုန်း**412.885.7530 x 5067** သို့မဟုတ် အီးမေးလ်ဖြင့်ဆက်သွယ်ပါ။

**၃။ ကလေးတစ်ယောက်စီအတွက် လျှောက်ထားရန် လိုအပ်ပါသလား?**

မလိုအပ်ပါ။ သင့်အိမ်ထောင်စုမှ ကလေးအားလုံးအတွက် ကျောင်းအစားအစာအခမဲ့နှင့် ဈေးလျှော့ရန် လျှောက်လွှာတစ်စောင်သာ အသုံးပြုပါ။ လိုအပ်သောအချက်အလက်များအားလုံးဖြည့်ရန်သတိပြုပါ၊ ကျွန်ုပ်တို့မှာ မပြည့်စုံသောလျှောက်လွှာကို လက်ခံ ခွင့်ပြုမည်မဟုတ်ပါ။

**၄။ အကယ်၍ ကျွန်ုပ်ကလေးမှာ ယခုစသင်နှစ်အတွက် အခမဲ့ကျောင်းအစားအစာရရန် ကျောင်းမှအတည်ပြုစာရရှိပါက လျှောက်လွှာဖြည့်ရန်လိုအပ်ပါသလား?**

မလိုအပ်ပါ။ သို့သော် ထိုစာကို သေချာဖတ်ပြီး ညွှန်ကြားချက်များကို လိုက်နာပါ။ အကယ်၍ သင့်အိမ်ထောင်စုမှာ ကလေးတစ်ယောက်ယောက် ခွင့်ပြုချက်အသိပေးစာတွင်ကျန်ခဲ့ပါက **Judy Bourne**ကို ဖုန်း**412-885-7500 x 8081** သို့မဟုတ်အီးမေးလ် **jbourne@bwschools.net** ဖြင့် ချက်ချင်းဆက်သွယ်ပါ။

**၅။ အွန်းလိုင်းမှ လျှောက်ထားလို့ရပါသလား?**

ရပါတယ်။ သင်လုပ်နိုင်လျှင် စာရွက်ဖြင့်လျှောက်ထားမည့်အစား အွန်းလိုင်းမှလျှောက်ရန် တိုက်တွန်းပါတယ်။ အွန်းလိုင်းမှလျှောက်ထားရန် လိုအပ်ချက်များမှာ စာဖြင့်လျှောက်ခြင်းနှင့် တူညီပြီး၊ တူညီတဲ့အချက်အလက်များကို မေးမှာဖြစ်ပါတယ်။ **https://www.schoolcafe.com/**မှာ အွန်းလိုင်းမှ စတင်လျှောက်ရန်အတွက် သို့မဟုတ် ထပ်ပြီးလေ့လာနိုင်ပါတယ်။ အကယ်၍ အွန်းလိုင်းလျှောက်ထားရန်အတွက် မေးမြန်းလိုပါက **Judy Bourne** ကို**885-7500 x 8081** ဖုန်းဆက်ပြီး သို့မဟုတ် **jbourne@bwschools.net** ထံ အီးမေးလ်ပေးပို့နိုင်ပါတယ်။

**၆။ ကျွန်ုပ်ကလေးမှာ မနှစ်က ခွင့်ပြုချက်ရထားပြီးပါက လျှောက်လွှာအသစ်တင်ရန်လိုပါသလား?**

လိုအပ်ပါတယ်။ သင့်ကလေးရဲ့လျှောက်လွှာမှာ ထိုစာသင်နှစ်အတွက်နှင့် ယခုနှစ်ရဲ့ပထမရက်(၃၀)၊ အောက်တိုဘာလ (၉)ရက် ၂၀၁၈ ခုနှစ်အထိ အတွက်သာ ဖြစ်ပါတယ်။ ကျောင်းမှ သင့်ကလေးမှာယခုကျောင်းစာသင်နှစ်အသစ်အတွက် ခွင့်ပြုပြီးဟု မပြောပါက လျှောက်လွှာအသစ်တင်ရပါမယ်။

အကယ်၍ ကျောင်းမှခွင့်ပြုချက်ရထားသောလျှောက်လွှာအသစ်မဖြည့်ပါက သို့မဟုတ် သင့်ကလေးမှာ ကျောင်းအစားအစာအခမဲ့ရရန် အကြောင်းကြားချက် မရပါက၊ သင့်ကလေးမှာ ကျောင်းအစားအစာအတွက် ဈေးနှုန်းအပြည့်ပေးရပါလိမ့်မယ်။

**၇။ ကျွန်ုပ်တို့မှာ WIC ရရှိထားပါတယ်။ ကျွန်ုပ်ကလေးများမှာ အခမဲ့ရနိုင်မလား?**

WIC တွင် ပါဝင်ထားသောအိမ်ထောင်စုများမှကလေးများမှာ အခမဲ့ သို့မဟုတ် ဈေးနှုန်းလျှော့ပြီးရနိုင်ကောင်းရပါလိမ့်မယ်။ ကျေးဇူးပြုပြီး လျှောက်လွှာဖြည့်စွက်တင်ပါ။

**၈။ ကျွန်ုပ်ပေးပို့သော အချက်အလက်များကို စီစစ်ပေးမှာ ဖြစ်ပါသလား?**

ဟုတ်ပါတယ်။ သင်ပေးပို့သော အိမ်ထောင်စုဝင်ငွေကို စာဖြင့် သက်သေအထောက်အထားပေးပို့ရန် ကျွန်ုပ်တို့ တောင်းဆိုနိုင်ပါတယ်။

**၉။ အကယ်၍ အခုအရည်အချင်းမပြည့်၍ ခွင့်ပြုချက်မရပါက နောင်မှ လျှောက်ထားလို့ရပါသလား?**

ရပါတယ်။ ကျောင်းစာနှစ်အတွင်း ဘယ်အချိန်မဆို လျှောက်ထားနိုင်ပါတယ်။ ဥပမာအားဖြင့် ကလေး၏ မိဘ သို့မဟုတ် အုပ်ထိန်းသူမှာ အလုပ်လက်မဲ့ဖြစ်ပြီး အိမ်ထောင်စုဝင်ငွေမှာ သတ်မှတ်ချက်အောက်ရောက်သွားခဲ့လျှင် အခမဲ့ သို့မဟုတ် ဈေးနှုန်းလျှော့ရရန် ဖြစ်လာနိုင်ပါတယ်။

**၁၀။ အကယ်၍ ကျွန်ုပ်လျှောက်လွှာ၏ ကျောင်းမှဆုံးဖြတ်ချက်ကို သဘောမတူခဲ့လျှင် ဘာလုပ်ရပါမလဲ?**

ကျောင်းမှအမှုဆောင်များနှင့် ပြောဆိုပါ။ ဖုန်းဆက်ပြီး သို့မဟုတ် စာဖြင့်အကြောင်းကြားကာ ကြားနာရန် **Denise Sedlacek at Baldwin-Whitehall School District, 4600 Curry Road, Pittsburgh, PA 15236** သို့မဟုတ် **412-884-6300 x 7241**ထံတောင်းဆိုနိုင်ပါတယ်။

**၁၁။ ကျွန်ုပ်အိမ်ထောင်စုမှ တစ်ယောက်ယောက်မှာ အမေရိကန်နိုင်ငံသားမဟုတ်ခဲ့လျှင် လျှောက်ထားလို့ရပါသလား?**

ရပါတယ်။ အခမဲ့ သို့မဟုတ် ဈေးနှုန်းလျှော့ရရှိရန် လျှောက်ထားဖို့အတွက် သင်၊ သင့်ကလေး သို့မဟုတ် သင့်အိမ်ထောင်စုမှမိသားစုဝင်များမှာ အမေရိကန်နိုင်ငံသားဖြစ်ရန် မလိုအပ်ပါ။

**၁၂။ ကျွန်ုပ်၏ ဝင်ငွေမှာ အမြဲတမ်း တူညီမှုမရှိပါက ဘာလုပ်ရပါမလဲ?**

သင် ပုံမှန်ရရှိသောပမာဏကို ရေးသွင်းပါ။ ဥပမာ သင်ပုံမှန် လစဉ်$1000ရပြီး၊ ပြီးခဲ့သောလမှာ တစ်ချို့ရက်များပျက်ကွက်တဲ့အတွက်$900ပဲရခဲ့လျှင် တစ်လ$1000ရသည်လို့ပဲ ရေးသွင်းပါ။ အကယ်၍ပုံမှန် အချိန်ပိုရခဲ့လျှင်ထည့်သွင်းပါ သို့သော် တခါတလေမှအချိန်ပိုလုပ်လျှင် မထည့်သွင်းပါနှင့်။ အကယ်၍ အလုပ်မရှိတော့လျှင် သို့မဟုတ် အလုပ်ချိန်/လစာ လျှော့ခဲ့လျှင် သင့်လက်ရှိဝင်ငွေကို အသုံးပြုပါ။

**၁၃။ အကယ်၍ တစ်ချို့မိသားစုဝင်များမှာ တင်ပြရန် ဝင်ငွေမရှိပါက ဘာလုပ်ပါမလဲ?**

တစ်ချို့သောမိသားစုဝင်များမှာ လျှောက်လွှာတွင်တင်ပြရန် ဝင်ငွေအမျိုးအစားမရှိခြင်း သို့မဟုတ် လုံးဝ ဝင်ငွေမရှိခြင်းများ ဖြစ်နိုင်ပါတယ်။ တကယ်လို့ ထိုကဲ့သို့ဖြစ်ခဲ့လျှင် အကွက်ထဲတွင် 0လို့သာ ရေးသွင်းပါ။ သို့သော်လည်း မည်သည့်ဝင်ငွေဖြည့်စွက်ရန်အကွက်ကို မဖြည့်လျှင် သို့မဟုတ် ကွက်လပ်ထားလျှင် ၎င်းတို့ကို သုံးညလို့ မှတ်ပါ့မယ်။ ကျေးဇူးပြုပြီး ထိုဝင်ငွေဖြည့်စွက်ရန်အကွက်ကို ကွက်လပ်ချန်လျှင်သတိထားပါ၊ ထိုကဲ့သို့ တမင်ထားသည်ဟု ယူဆမှာဖြစ်တဲ့အတွက်ကြောင့်ပါ။

**၁၄။ ကျွန်ုပ်တို့မှာစစ်မှုထမ်းနေပါတယ်။ ဝင်ငွေများကို သတ်သတ်စီ တင်ပြရမလား?**

သင့်အခြေခံလစာနှင့် ငွေသားအပိုဆုဝင်ငွေများကို ဝင်ငွေအဖြစ်သာ တင်ပြရပါမယ်။ အကယ်၍ ဌာနမဟုတ်သောအိမ်ရာအတွက်၊ အစားအသောက် သို့မဟုတ် အဝတ်အထည်များအတွက် တူညီသောပမာဏဖြင့်ငွေသားရရှိပါက ၎င်းတို့ကိုလဲ ဝင်ငွေအဖြစ်ထည့်သွင်းရပါမယ်။ သို့သော်လည်း သင့်အိမ်မှာ ကနဦးစစ်တပ်ပုဂ်ဂလိကအိမ်ရာမှာ ပါဝင်နေခဲ့လျှင် ထိုအိမ်ရာထောက်ပံ့ကြေးကို မထည့်သွင်းပါနှင့်။ တပ်မှ တိုက်ပွဲအတွက်ရရှိသည့် မည်သည့်အပိုကြေးကိုလဲ ဝင်ငွေတွင် မထည့်သွင်းရပါ။

**၁၅။ ကျွန်ုပ်တို့မိသားစုမှာ အကူအညီထပ်ပြီးလိုအပ်ပါတယ်။ လျှောက်လို့ရမည့် တစ်ခြားသောအစီအစဉ်များရှိပါသလား?**

SNAP သို့မဟုတ် တစ်ခြားသောအကူအညီအထောက်အပံ့များ သိရှိရန်နှင့် ဘယ်လိုလျှောက်ရမည်ကို သင့်ဒေသဆိုင်ရာကူညီမှုရုံး သို့မဟုတ် လူမှုရေးဝန်ဆောင်မှုဌာန (Department of Human Services) **1-800-692-7462**သို့ ဆက်သွယ်ပါ။

အကယ်၍ မေးမြန်းလိုပါက သို့မဟုတ် အကူအညီလိုအပ်ပါက **Judy Bourne 412-885-7500 x 8081** ထံဖုန်းဆက်ပါ သို့မဟုတ် **jbourne@bwschools.net** ထံ အီးမေးလ်ပို့ပါ။

ရိုးသားစွာဖြင့်

Joyce Weber
အစားအသောက်ဆိုင်ရာဝန်ဆောင်မှုဒါရိုက်တာ

---

**မသက်ဆိုင်ကြောင်းရှင်းလင်းချက်**

Richard B. Russell National School Lunch Act နေ့လည်စာဥပဒေအရ ဤလျှောက်လွှာတွင် အချက်အလက်များလိုအပ်ပါသည်။ သင်သည် အချက်အလက်များကို ပေးရန်မလိုပါ၊ သို့သော် သင်မပေးလျှင် သင့်ကလေး အခမဲ့ သို့မဟုတ် ဈေးနှုန်းလျှော့အစားအစာများရရန် ကျွန်ုပ်တို့ခွင့်ပြုနိုင်မည်မဟုတ်ပါ။ သင့်အချက်အလက်များကိုအသုံးပြု၍ သင့်ကလေးသည် အခမဲ့ သို့မဟုတ် ဈေးနှုန်းလျှော့အစားအစာများရနိုင်မည်ကို ဆုံးဖြတ်မှာဖြစ်သလို အုပ်ချုပ်ရေးနှင့် နေ့လည်စာနှင့် မနက်စာပရိုဂရမ်ခိုင်မာစေရန်အတွက် ဖြစ်ပါသည်။

ဗဟိုလူ့အခွင့်အရေးဥပဒေနှင့် U.S.စိုက်ပျိုးရေးဌာန(USDA) လူ့အခွင့်အရေးစည်းမျဉ်းနှင့်မူဝါဒများအရ၊ USDA ၎င်းဌာနများ၊ ရုံးများနှင့် ဝန်းထမ်းများ နှင့် ပါဝင်သောအဖွဲ့အစည်းများ သို့မဟုတ် USDAပရိုဂရမ်များကိုစီစဉ်သောသူများမှာ လူမျိုး၊ အသားအရောင်၊ မူရင်းနိုင်ငံသား၊ လိင်အမျိုးအစား၊ ချို့ယွင်းနေမှု၊ အသက် သို့မဟုတ် လက်တုံ့ပြန်ခြင်း သို့မဟုတ် ယခင်က မည့်သည့်လူ့အခွင့်အရေးလှုပ်ရှားမှုပရိုဂရမ် သို့မဟုတ် USDAမှထောက်ပံ့/ကျင်းပသောလှုပ်ရှားမှုအတွက် လက်စားချေခြင်းများအရ ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားပါသည်။

ပရိုဂရမ်နှင့်ပတ်သက်သောအချက်အလက်များအတွက် တစ်ခြားသောနည်းလမ်းများဖြစ့်ဆက်သွယ်ရန်လိုအပ်သော ချို့ယွင်းချက်ရှိသောသူများမှာ (ဥပမာ မျက်မမြင်စာ၊ ပုံနှိပ်စာအကြီး၊ အသံသွင်းတိပ်၊ အမေရိကန်လက်ဟန်ဖြင့်ဆက်သွယ်ခြင်း၊ စသည်) အထောက်အပံ့ရရှိရန် လျှောက်ထားရမည့်အေဂျင်စီ(တိုင်း သို့မဟုတ် ဒေသ)ကိုဆက်သွယ်သင့်ပါသည်။ နားမကြားသူများ၊ ကြားရန်ခက်ခဲသူများ သို့မဟုတ် စကားပြောရန်ချို့ယွင်းသူများမှာ ဗဟိုထပ်ဆင့်ပို့ဆောင်ပေးဝန်ဆောင်မှု(800) 877-8339) မှတစ်ဆင့် USDAကိုဆက်သွယ်နိုင်ပါသည်။ ထို့ပြင် ပရိုဂရမ်နှင့်ပတ်သက်သောအချက်အလက်များကို အင်္ဂလိပ်ဘာသာမှ တစ်ခြားသောဘာသာစကားများဖြင့်လဲ ရရှိနိုင်ပါသည်။

ခွဲခြားဆက်ဆံခြင်းအတွက် တိုင်းကြားဖို့ အမှုတင်ရန် USDA Program Discrimination Complaint Form, (AD-3027)ပုံစံကို အွန်းလိုင်းတွင်http://www.ascr.usda.gov/complaint_filing_cust.htmlနှင့် မည့်သည့် USDAရုံးတွင်မဆို ဖြည့်စွက်နိုင်ပါသည် သို့မဟုတ် ပုံစံထဲတောင်းဆိုထားသောအချက်အလက်များအားလုံးကို စာဖြင့် USDAသို့လိပ်မူပြီး ပေးပို့နိုင်ပါသည်။ တိုင်းကြားရန်ပုံစံမိတ္တူတောင်းခံရန်အတွက် (866) 632-9992သို့ ခေါ်ဆိုပါ။ သင့်ဖြည့်သွင်းထားသောပုံစံ သို့မဟုတ်စာကို USDAထံသို့ အောက်ပါနည်းများဖြင့် ပို့နိုင်ပါသည်။

(၁) စာတိုက်ဖြင့် -U.S. Department of Agriculture

Office of the Assistant Secretary for Civil Rights
1400 Independence Avenue, SW
Washington, D.C. 20250-9410;

(၂) ဖက်စ်ဖြင့် (202) 690-7442; သို့မဟုတ်

(၃) အီးမေးလ်ဖြင့် program.intake@usda.gov.

**ဤအဖွဲ့အစည်းမှာ တူညီသောအခွင့်အရေးပေးခြင်းကိုပံ့ပိုးသူဖြစ်သည်။**